# တနင်္ဂနွေ ဒါလင်

# ဆွေး။

# အခန်း(၁)

သူဝေး

တနင်္ဂနွေ ဒါလင်

နိဒါန်း(က)

ပုံပြင်(၁)

ကျီးကန်းတွေက သူတို့ အတိတ်ကို ပြန်မပြောချင်ကြဘူးတဲ့ ။ ပြန်ပြောရင် ရင်နာရလို့ တဲ့ ။ အဲ.... အရင်တုန်းက ကျီးကန်းတွေရဲ့ နှုတ်သီးက တိုတိုလေးတဲ့ ။ နောက်မှ ဘာ့ကြောင့် နည်းနည်းရှည်လာရလည်း ဆိုတော့ အကြောင်းက.........

ကျီးကန်းကို ဒေါင်းတွေ အဖက်မလုပ်ဘူး။ “သွား .... မင်းက ပုံပြင်ထဲကလိုပဲ အယောင်ဆောင်တတ်တဲ့ ကောင်တဲ့ ”။ ပြီးတော့ ကျီးကန်းကို ဇီးကွက်ကလည်း နှိမ်တယ်။ “ မင်းဟာပုံပြင်ထဲကလို အမြှောက်ကြိုက်ပြီး အသားတစ်ကို လွှတ်ကျတဲ့ ငမိုက်သားကောင်ပဲ နေမှာ ပါ။ ငါ့လိုပညာရှိငှက်နဲ့ အပေါင်းအသင်းလုပ်ဖို့ မကြံကြီးစည်ရာ။ မင်းနယ်... သွားစမ်း..” တဲ့ ။ နောက် ... ဗျိုင်းကလည်း မတူမတန်ဘဲ ဆက်ဆံတယ်။ “အရောင်မတူရင် ဘောင်မတူ ဘူး။ မလာနဲ့ ”တဲ့ ။

ဒီလိုနှိမ်ခံရတာ ကြာတော့ကျီးကန်းမခံနိုင်တော့ဘူး။ ငှက်တောတိုးနိုင်ဖို့ အသားဖြူမှ ဖြစ်မယ်လို့ တွေးမိတယ်။ ဒါကြောင့် သူဟာ ရေကန်ထဲ မှာ ရေအကြာကြီးချိုးတော့တာပဲ။ ရေ ချိုးပေးလို့ ကျီးတကယ်ဘဲ မဖြူခဲ့ပါဘူး။ မဖြူတဲ့ အပြင် .....

“ဟက်ချိုး..... ဟတ်. ... ချိုး”

နှာတွေ တစ်လလောက်စေးပြီး နှာချေရလွန်းလို့ နှုတ်သီးကြီးတောင်ရဲပြီး ရှည်လာခဲ့ တယ်။ အဲဒီ နေ့ကစပြီး ကျီးကန်းတွေဟာ နှုတ်သီးတွေ နီရဲပြီး ရှည်လာခဲ့တော့တာပဲတဲ့ ။

ကျီးကန်းဟာ ဒီအကြောင်းတွေ ဘယ်သူ့ကိုမှ မပြောခဲ့ပါဘူး။

ခုမှ ......

လူစုံတုန်း ရှင်းပြတာပါတဲ့ ။

* * * * * * *

ပုံပြင်(၂)

ဘွတ်ဖိနပ်ကြီး၊ ကတ္တီပါဖိနပ်မလေး၊ သားရေဖိနပ်နဲ့ ခုံဖိနပ်ကလေးတို့ ဟာ ခရီးအတူ ထွက်လာခဲ့ကြတယ်။ အတူဆိုပေမယ့် တစ်တန်းတည်းနေကြတာတော့ မဟုတ်ဘူး ။

ဘွတ်ဖိနပ်ကြီးက ညစာစားပွဲတွေ မကြာခဏတက်ရတဲ့ သူဆိုတော့ ဣန္ဒြေကြီး၊ မျက်နှာ တည်ကြီးနဲ့ ပေါ့။ကတ္တီပါဖိနပ်မလေးကလည်း သိပ်လှတဲ့ တော်ဝင်ခြေထောက်ပိုင်ရှင်တွေမှ စီးနင်းခဲ့ ရသူဆိုတော့ သူလည်း မာနတစ်ခွဲသားနဲ့ ပါပဲ။ ဆိတ်သားရည်ဖိနပ်ကလည်း အသားလွတ် ဘဝင် မြင့်ပြနေပြန်တယ်။ ခုံဖိနပ်ကလေးကတော့ ရေအိမ်နဲ့ အိမ်နောက်ဖေးပဲ ကူးသန်းနေရတာ ဆိုတော့ နွမ်းနွမ်းဖက်ဖက်ပေါ့။ ဒီဖိနပ်လေးတွေရဲ့ စိတ်ထဲမှာ တူညီနေတာ တစ်ခုတော့ ရှိကြတယ်။ ဒါကတော့ သူတို့ ကို စီးနင်းမဲ့ ခြေထောက်ပိုင်ရှင်ချင်း ယှဉ်ပြိုင်လိုကြတဲ့ စိတ်ပဲ။ ဘယ်သူဟာ အကောင်း ဆုံး ခြေထောက်နဲ့ အစီးနင်းခံရမလဲပေါ့။

ဖြုန်း .......... ဟော.......

မိုးကြီးရွာခဲ့ပြီ။ ဖိနပ်တွေ ခရီးလမ်းမှာ မိုးမိပြီလေ။

"ငါ့ကို စောင့်ကြပါဦး။ ငါ့ကိုစောင့်ကြပါဦး"

ဘွတ်ဖိနပ်ကြီးက သူတစ်လမ်းလုံး အဖက်မလုပ်ခဲ့တဲ့ ခရီးဖော်တွေကို လက်ကလေးကမ်း ပြီး လှမ်းပြောနေတယ်။ "ငါ့ခန္ဓာကိုယ် လေးလာလို့ ပါကွာ"တဲ့ ။

ဘွတ်ဖိနပ်ကြီးရဲ့ ခန္ဓာကိုယ်ထဲမှာ မိုးရေတွေ စီးဝင်ပြည့်နှက်နေခဲ့ပြီကော။ သူဆက်မသွား နိုင်တော့ဘဲ ကျန်ခဲ့ရရှာတယ်။ ကတ္တီပါဖိနပ်လေးနဲ့ ဆိတ်သားရေဖိနပ်က မေးချိတ်ပြီး ဆက် လျှောက်သွားတယ်။ ခုံဖိနပ်လေးကတော့ ဘွတ်ဖိနပ်ကြီးကို ကယ်ချင်ပေမယ့် မတတ်သာလို့ လှည့်ကြည့်လှည့်ကြည့်နဲ့ ထားခဲ့ရရှာတာပေါ့။

ခရီးတစ်ထောက်ကြာတော့....

"အိုး .. ငါ့အဝတ်တွေ ဘယ်လိုဖြစ်ကုန်တာတုန်း"

ကတ္တီပါဖိနပ်မလေးဟာ သူ့ကတ္တီပါစတွေ တွန့်ရိကုန်လို့ အရှက်သည်းစွာ ပြန်ဆွဲဖုံးနေရ တယ်။ ဆိတ်သားရေဖိနပ်ကြီးက မျက်လုံးရွဲကြီးနဲ့ လှည့်ကြည့်တော့ ဘာကြည့်တာလဲလို့ ပြန်အော် သေးတယ်။ နောက်တော့ ဟိုနေရာက "ဖွာ" ဒီနေရာက "ကွာ" နဲ့ ကတ္တီပါဖိနပ်မလေး မိုးရေဒဏ်ကို မခံနိုင်ခဲ့ပါဘူး။ မိုးသည်းထဲမှာ ငိုရှိုက်ရင်း ကျန်ခဲ့ပါတော့တယ်။

နောက်ထပ် ခရီးတစ်ထောက်မှာ တော့ ကျန်တဲ့ ဖိနပ်တစ်ရံဟာ မိုးခိုစရာတစ်ခုအောက်မှာ ရောက်နေခဲ့ပါပြီ။ ဒီအထိတောင် ဆိတ်သားရေဖိနပ်ကြီးဟာခုံဖိနပ်လေးကို အရေးမလုပ်ခဲ့ပါဘူး။ ဒီ အချိန်မှာ ပဲ ခွေးမည်းကြီးတစ်ကောင်ဟာ သူတို့ အနားကို နှာယောင်ရှုံ့ပွရှုံ့ပွနဲ့ ရောက်လာတယ်။ ဆိတ်သားရေဖိနပ်ကြီးဆီ နှာခေါင်းကြီးရောက် လာပြီး တရွတ်ရွတ်နဲ့ ရှူကြည့်တော့ သားရေအနံ့ မှန်း ခွေးကသိသွားတော့သည် ။ ဒီတော့ တစ်ခါတည်း ကိုက်ဆွဲပြီး ချီသွားပါတော့တယ်။

“အား… ငါ့ကို ကယ်ပါဦး ခုံဖိနပ်လေး”

ဘယ်ကယ်တင်နိုင်မှာ လဲကွယ်။

မိုးလည်း တိတ်ပြီ။ ခရီးဖော်တွေလည်း ဆုံးရှုံးခဲ့ပြီ။ ခုံဖိနပ်လေးလည်း ဝမ်းနည်းစွာနဲ့ ခရီးဆက်ခဲ့တယ်။ ခုံဖိနပ်လေးဟာ စိတ်ထားမကောင်းတဲ့ မိုးရေတွေထဲ ခေါင်းငုံ့လျှောက်လာရင်း တစ်နေရာမှာ တော့ တုံ့ခနဲ ရပ်သွားတယ်။ သူ့ရှေ့ဆီမှာ ခြေထောက်ဖြူဖြူလေးတစ်စုံ ရပ်နေလို့ ပါ။ ခြေထောက်လေးက ဖြူနေပေမယ့် သွေးတွေလည်း ပေကျံနေတယ်။ ခြေထောက်ဖြူလေးရဲ့ ပိုင် ရှင်က နွမ်းနယ်နေတဲ့ မိန်းကလေး ငယ်ငယ်လေးပါ။ အဲဒီ မိန်းကလေးက ….

“ခုံဖိနပ်လေးရေ.. ငါ့မှာ ဖိနပ်မရှိတော့  လမ်းခရီးမှာ သဲတွေ၊ ခဲတွေ စူးပြီးဒဏ်ရာတွေလည်း များ ခဲ့တယ်။ ငါဟာ ငြိမ်းချမ်းတဲ့ ဆီကို သွားမ လို့ ့ပါကွယ်။ ဒ့ါကြောင့် သင့်ကို စီးနင်းပြီး ရှေ့ဆက် ခရီးကို သွားခွင့်ပြုပါလား”

မိန်းကလေးက သူတို့ မြို့မှာ စစ်ကြီးဖြစ်လို့ ထွက်ပြေးခဲ့ရသူပေ့ါ။ မြို့ထဲမှာ အားလုံးပျက်စီးခဲ့ ပြီလေ။ ခုံဖိနပ်လေးဟာ မျက်တောင်ပုတ်ခတ်ပုတ်ခတ်နဲ့ မိန်းကလေးကို သနားသွားတယ်။ ဒီမိန်း ကလေးဟာ သူ့ကို စီးနင်းသင့်တဲ့ ခြေထောက်ပိုင်ရှင်ပဲလို့ လည်း အလိုလိုသိလိုက်တယ်။

“လာပါ. … ကျွန်တော့်ကို စီးနင်းပါ။ လိုရာသွားပါ”

လို့ အလိုလားဆုံး ပြန်ပြောလိုက်တယ်။ မိန်းကလေးက ဝမ်းသာလွန်းလို့ မျက်ရည်လေး တွေ လိမ့်ကျသေးတယ်။ နောက်တော့ ခုံဖိနပ်လေးကို စီးလို့ သူမငြိမ်းချမ်းတဲ့ နေရာသို့ ခရီးဆက် သွားပါတော့တယ်။

ပုံပြင်အဆုံးမှာ သင်တို့ အနေနဲ့ ငြိမ်းချမ်းတဲ့ နေရာဆိုတာ ဘယ်နေရာလဲ။ ဆုတောင်းတိုင်း ပြည့်လို့ လားဆိုတာတွေ မမေးဘဲ။ မတွေးဘဲ သူတို့ ကိုသာ ငြိမ်းချမ်းတဲ့ နေရာဆီ မြန်မြန်ရောက်ပါ စေလို့ ဆုတောင်း ပေးနိုင်ကြပါ့မလား။

* * * * * * *

ပုံပြင်(၃)

အေးမြတဲ့ ဆောင်းရာသီဟာ ဘယ်သူ့ကိုမှ မညှာတာခဲ့ဘူး။ ဒီလိုချမ်းချမ်းစီးစီးညထဲ ဘာမှ မစားရသေးတဲ့ လူကလေးတစ်ယောက်လည်း ရှိတယ်။

အခုသူဟာ မြို့တော်ရဲ့ လမ်းအလယ်မှာ လျှောက်လာခဲ့တာပေါ့။ ချမ်းလွန်းလို့ လက် ချောင်းလေးတွေကို မပြတ်လှုပ်နေတယ်။ သူတစ်ယောက်တည်းမဟုတ်ပါဘူး။ သူ့ဘေးမှာ သူ့ခွေးပိန်လေးပါ ပါသေးတယ်။ သူ့ခွေးလေးလည်း သူ့လို့ ပဲပေါ့။ ဘာစားရဦးမှာ လဲ။

"ဗိုက်ဆာလွန်းလို့ သေတော့မှာ ပဲ"

ဒီလို ညည်းညူရင်း မည်းမှောင်နေတဲ့ မြို့လမ်းထဲ တုံ့နှေးတုံ့နှေး လျှောက်လာခဲ့တာပေါ့။

ကံကောင်းတယ်ပဲဆိုမလား။ သူဋ္ဌေးအိမ်တစ်အိမ်က ဟင်းကျန် ထမင်းကျန်တွေ သွန်နေ တာကို တွေ့လိုက်ရတယ်။ သူဋ္ဌေးအိမ်က သူ့အိမ်ထဲ သူပြန်ဝင်သွားတော့မှ လူကလေးနဲ့ ခွေးက လေးဟာ အဲဒီ နေရာကို ဝမ်းပန်းတသာ အပြေးသွားတာပေါ့။

ဒါပေမယ့် ဟင်းကျန်လေးတွေက သိပ်နည်းနေပါတယ်။ သူနဲ့ ခွေးလေးနဲ့ ခွဲဝေစားဖို့ ခက်ခဲ အောင်ကို နည်းလွန်းအားကြီးနေတယ်။ ဒါပေ

မယ့် ဉာဏ်ကောင်းတဲ့ လူကလေးဟာ ထမင်းကျန် ဟင်းကျန်တွေကို သူ တစ်ယောက်တည်း အကုန်စားလိုက်တယ်။ သူစားလို့ ဂမှ အာခေါင်ကို လက် ညှိုးနဲ့ ထိုး ဗိုက်ညှစ်ပြီး ပြန်အန်ချတယ်။ ဒီတော့မှ ခွေးပိန်လေးက အမြီးယမ်းပြီး အန်ဖက်တွေကို လျက်စားတော့တာပေ့ါကွယ်။ ဒီနည်းနဲ့ သူတို့ အဆာဖြေခဲ့ကြတယ်။

သူတို့ အိပ်တော့ မြို့ပြင်က အကာအကွယ်မရှိတဲ့ ဇရပ်ထဲမှာ အိပ်ကြ တယ်။ ချမ်းလွန်းလို့ တုန်ယင်ရင်းနဲ့ ပဲ လူကလေး အရင်အိပ်ပျော်သွား တယ်။ ဒီတော့မှ ခွေးပိန်ကလေးဟာ သူ့အမွေးကျဲ လေးတွေနဲ့ ညဉ့်နက် တဲ့ အထိ မအိပ်ဘဲ လူကလေးကို ပွတ်သပ်ပြီး အနွေးဓာတ်ပေးနေခဲ့တ ယ်တဲ့ ။

အဲဒီ အချိန်ပဲ ညဟာဘာ့ကြောင့်မှန်းမသိ ရုတ်ခြည်းနွေးထွေးလာခဲ့ တယ်တဲ့ ။ မြေပေါ်ကို ကျပြီးသား နှင်းစက်တွေဟာ သိပ်မြန်လွန်းတဲ့ အ ရှိန်နဲ့ ကောင်းကင်ကို ပြန်လည် ပျံတက်ကုန်ကြ တယ်တဲ့ ။

ဒါဟာ ဘာကြောင့်များ လဲကွယ်။

သင်တို့ သိပါသလားလေ။

* * * * * * *